**Wint Wint Khaing Tun( Intermediate Level, First Pize )**

## အလျော်လိုချင်သောကြွက်

အိမ်အိုတစ်လုံး၏မဲမှောင်နေသော မျက်နှာကြက်တွင် ဆုအဲဟူသောအမည်ရှိသည့် ကြွက်တစ်ကောင် နေထိုင်ခဲ့ပါသည်။ တစ်နေ့တွင်ထိုကြွက်သည်ဟိုဟိုဒီဒီအရပ်လေးမျက်နှာကို လှည့်ပတ်ကြည့်ရှုရင်းကြမ်းပြင်အောက်တွင် လမ်းလျှောက်နေစဉ် တစ်ဘက်မှအိတာချိဟူသောအကောင်သည်ကောင်းသောအရာများကို များစွာသယ်ဆောင်လာပြီး လေကဲ့သို့ပြေးလာခဲ့သည်။ ထို့နောက်ကြွက်ကိုမြင်လျှင်ခဏမျှရပ်တန့်နေပြီးအလျှင်အမြန်စကားပြောသည်။ " ဟေ့ ဆုအဲကြွက် မင်းရဲ့ဒီဗီရှိအပေါက်ထဲကနေမုန့်တွေဖိတ်ကျနေတယ်။မြန်မြန်သွားကောက် " ဆုအဲကြွက်သည် အလွန်ပျော်ရွှင်သွားပြီး အိတာချိကိုနှုတ်ဆက်စကားမပြောတော့ပဲ လျှင်မြန်စွာထိုနေရာသို့အပြေးသွားခဲ့ပါသည်။ သို့သော်ဘီရိုအောက်ရောက်သည်နှင့် တပြိုင်နက်ရုတ်တရက်ခြေလှမ်းတန့်သွားပါသည်။ ထို့နောက်" ရပ်စမ်း ဘယ်သူလဲ "ဟူသောအသံစူးစူးတသံက ပြောသည်။ ကြွက်သည် အလန့်တကြားနှင့်ကြည့်လိုက်သောအခါ ထိုအရာသည် ပုရွက်ဆိတ်ဖြစ်နေပါသည်။ ပုရွက်ဆိတ်စစ်တပ်သည်သကြားမုန့်များအနီးတွင် လေးဘက်လေးတန်ကပ်ထားကာ အနက်ရောင်ပုဆိန်များကိုကိုင်ထားကြပါသည်။ ထို့နောက် သကြားမုန့်ကိုအခွံမှနေ၍ခွဲလိုက် အရည်ဖျော်လိုက်လုပ်နေ၍ အသိုက်ဆီသယ်ဆောင်သွားကြပါသည်။ ကြွက်သည်ယောင်ချာချာဖြစ်သွားပါသည်။ " ဒီနေရာကနေ အထဲကိုဝင်မလာနဲ့မြန်မြန်ပြန် " ပုရွက်ဆိတ်ခေါင်းဆောင်ကအသံသြဖြင့်ပြောသည်။

ကြွက်သည်တစ်ကြိမ်လှည့်ပတ်ပြီးလျှင်မြန်စွာ မျက်နှာကြက်ဆီပြေးတက်သွားသည်။ ထို့နောက်အသိုက်ထဲဝင်ကာ ခဏမျှအနားယူနေသော်လည်း စဉ်းစားရင်းစဉ်းစားရင်းမခံနိုင်ဖြစ်လာသည်။ ပုရွက်ဆိတ်စစ်တပ်မှာ အင်အားတောင့်တင်းသည့်အတွက် မတတ်နိုင်သော်လည်း ထိုစကားနည်းသော အိတာချိညွှန်ပြလိုက်သော ဘီရိုအောက်သွားကာ ပုရွက်ဆိတ်ခေါင်းဆောင်၏အဟောက်ခံရသည်မှာစိတ်ပျက်စရာကောင်းသည်ဟုတွေးမိသည်။ထို့ကြောင့် ကြွက်သည်အသိုက်ထဲမှတစ်ဖန်ထွက်၍သစ်ခေါင်းထဲရှိ အိတာချိအိမ်သို့သွားခဲ့သည်။အိတာချိသည်ထိုအချိန်တွင်အာလူးများကိုသွားဖြင့်ကိုက်ကာ အမှုန့်ပြုလုပ်နေပြီးကြွက်ကိုမြင်သော် မေး၏။ " ဘယ်ဘိုလဲ၊ မုန့်တွေမရခဲ့ဘူးလား၊ အိတာချိရယ် ခင်ဗျားလည်း တော်တော်ဆိုးတဲ့လူပဲနော်။ ကျွန်တော့်လိုအားနည်းတဲ့သတ္တဝါကိုညာရက်တယ်။ " " မညာပါဘူး။ တကယ်ပဲရှိနေတာကို " " ရှိပေမဲ့လဲ ပုရွက်ဆိတ်တွေဦးသွားပြီလေ " " ဟယ် ပုရွက်ဆိတ်က ဟုတ်လား။ တော်တော်လျှင်တဲ့အကောင်တွေပဲ " " အားလုံးကိုပုရွက်ဆိတ်တွေယူသွားကြပြီ။ ကျွန်တော့်လိုအားနည်းတဲ့သတ္တဝါကိုညာတယ်။ အလျော်ပေးပါ။ အလျော်ပေးပါ " " ဒုက္ခပေးတဲ့အကောင်ပဲ။ တစ်ဘက်သားရဲ့စိတ်ကောင်းစေတနာကိုပြန်ပြီးအညှိုးထားတဲ့အကောင်ပဲ။ ကောင်းပြီ။ ဒါဆိုရင်ငါ့မုန့်ကို မင်းကိုပေးမယ် " " အလျော်ပေးပါ။ အလျော်ပေးပါ " " ကဲ ဒီဟာယူသွားတော့။ သယ်နိုင်သလောက်သယ်သွား။ မင်းလိုမျိုးယော်ကျားမဆန်တဲ့ကောင်ရဲ့မျက်နှာကိုမမြင်ချင်ဘူး။သယ်နိုင်သလောက်မြန်မြန်သယ်ပြီးထွက်သွားတော့။ " ဟုပြောပြီးမုန့်တွေကိုပေးပစ်လိုက်သည်။ ကြွက်သည်သယ်နိုင်သလောက်သယ်ပြီးဦးညွတ်နှုတ်ဆက်လိုက်သည်။ အိတာချိသည်နောက်ဆုံးတွင်ဒေါသထွက်ကာအော်ပြောလိုက်သည်။ " မြန်မြန်သွားစား။ မင်းကျန်တဲ့အကျန်တွေကိုလောက်တွေပဲဖြစ်ဖြစ်ကျွေးပစ်လိုက်မယ် "။ ကြွက်သည်အလျင်အမြန်ပြေးပြီးမျက်နှာကြက်အသိုက်ထဲပြန်ဝင်ကာမုန့်များကို တကြွတ်ကြွတ်နှင့်ဝါးစားသည်။ ဒီလိုအခြေအနေမှာပဲ ကြွက်ဟာအမုန်းခံရပြီး ဘယ်သူမှအဖက်မလုပ်ချင်ကြတော့ပါ။ ကြွက်သည်မတတ်နိုင်ပဲ၊သည်တကြိမ်တွင် တိုင်တွေ၊ ပျက်နေတဲ့ဒယ်အိုးတွေ၊ ဆွဲခြင်း တံမြက်စည်းတွေနဲ့မိတ်ဖွဲ့ခဲ့သည်။ ထိုအထဲတွင် တိုင်နှင့်တော့အခင်ဆုံးဖြစ်ခဲ့ပါသည်။

တစ်နေ့တွင် တိုင်ကကြွက်ကိုပြောသည်။" ကိုကြွက်ရေ ဆောင်းရာသီရောက်တော့

မယ်နော်။ ကျွန်တော်တို့တတွေ ဒီလိုမျိုးစကားချည်းပြောနေလို့မဖြစ်တော့ဘူး။ခင်ဗျားလည်း ဒီအတောအတွင်း စောင်ကောင်းကောင်းပြင်ဆင်ထားမှဖြစ်မယ်။ ကံကောင်းချင်တော့ကျွန်တော့်ခေါင်းပေါ်မှာစာကလေးကနွေဦးမှာယူလာတဲ့ ငှက်မွေးတွေစတဲ့နွေးထွေးတဲ့အရာတွေ အများကြီးရှိတယ်။ အခုတက်ပြီးယူလိုက်ရင်ဘယ်လိုလဲ။ ကျွန်တော့်ခေါင်းကနည်းနည်း အေးပေမဲ့ ကျွန်တော်ကကိုယ့်ဖာသာကိုယ်ထပ်ပြီးပြင်ဆင်မှာမို့ ” ကြွက်ဟာအရမ်းလိုချင်နေလို့အဲဒီနေ့ကစပြီးသယ်နေခဲ့တယ်။ သို့ရာတွင်လမ်းခုလတ်တွင်မတ်စောက်တဲ့ကုန်းစောင်းတစ်ခုရှိ၍ ကြွက်သည်သုံးကြိမ်မြောက်တွင်ထိုနေရာမှဖုတ်ကနဲပြုတ်ကျလာပါသည်။ တိုင်လည်းထိတ်လန့်၍ “ ကိုကြွက် ဒါဏ်ရာရသေးလား၊ ဒါဏ်ရာရသေးလား ”ဟုကြိုးစားပမ်းစားကိုယ်ကိုကွေး ၍မေးမြန်းခဲ့သော်လည်း ကြွက်မှာချက်ချင်းထ၍ မျက်နှာထားတင်းတင်းနှင့် ပြောလေသည်။ “ ကိုတိုင် ခင်ဗျားလည်းတော်တော်ဆိုးတဲ့လူပဲ။ ကျွန်တော့်လိုအားနည်းတဲ့သူကို ဒီလိုမျိုးလုပ်ရသလား ” တိုင်ဟာအကြောင်းပြချက်မရှိဘူးလို့တွေးပြီး “ ကြွက်ရယ် တောင်းပါပါတယ်။ ခွင့်လွှတ်ပါ ” ဟုကြိုးစားပမ်းစားတောင်းပန်ခဲ့သည်။ ကြွက်သည်အခြေအနေကိုကြည့်ပြီး “ ခွင့်လွှတ်စရာလား။ ခင်များသာအကောက်မကြံခဲ့ရင် ကျွန်တော်ဒီလိုမျိုးနာမှာမဟုတ်ဘူး။ အလျော်ပြန်ပေး။ ကဲ အလျော်ပြန်ပေးနော် ” “ ဒီလောက်လေးနဲ့ဒုက္ခရောက်မသွားပါဘူး။ ခွင့်လွှတ်ပေးပါ ” “ ဟင့်အင်း အားနည်းတဲ့သူကိုအနိုင်ကျင့်တာ ကျွန်တော်အမုန်းဆုံးပဲ။ ကဲ အလျော်ပြန်ပေး ” တိုင်ဟာဒုက္ခရောက်ပြီးငိုကျွေးခဲ့ပါသည်။ ဒါနဲ့ကြွက်လည်းအသိက်ထဲပြန်လာခဲ့ပါသည်။ထိုအချိန်မှစပြီးတိုင်ဟာကြောက်ရွံ့၍ ကြွက်အားစကားမပြောတော့ပေ။

ဒါနဲ့ တစ်နေ့မှာဒယ်အိုးဟာကြွက်ကို ဝေဖါဘီစကွတ်မုန့်ကျွေးခဲ့ပါသည်။ တိုက်ဆိုင်စွာနဲ့ နောက်နေ့မှာကြွက်ဟာဗိုက်နာလာပါတယ်။ ဒါနဲ့ အရင်အတိုင်းပဲကြွက်ဟာဒယ်အိုးကိုပစ်တင်ပြောကြားခဲ့ပါသည်။ ဒယ်အိုးလည်းထိတ်လန့်ကာ ကြွက်နှင့်အဆက်အသွယ်မလုပ်တော့ပေ။ နောက်တဖန်ကြိမ်တွင်ဆွဲခြင်းသည်ဆပ်ပြာတစ်မျိုးကိုအနည်းငယ်ပေး၍“ ဒါနဲ့မနက်တိုင်းမျက်နှာသစ်ပါ ”ဟုပြောခဲ့သည့်အတွက် ကြွက်သည်ပျော်ရွှင်ကာ နောက်တစ်နေ့မှစပြီး နေ့တိုင်းလိုလိုဆပ်ပြာနှင့်မျက်နှာသစ်ခဲ့ပါသည်။ ထိုအတောအတွင်းကြွက်၏မုတ်ဆိတ်မွေးမှာ၁၀ချောင်းခန့်ကျွတ်သွားပါသည်။ ထိုအခါကြွက်သည်လျှင်မြန်စွာဆွဲခြင်းထံသွား၍အလျော်ပေးရန်အကြိမ်၂၅၀ပြောခဲ့ပါသည်။ သို့သော်ဆွဲခြင်းသည်မုတ်ဆိတ်မွေးမရှိသည့်အပြင် အလျော်ပေးရန်မရှိသည့်အတွက် ငိုကြွေးကာတောင်းပန်ခဲ့ရပါသည်။

ထိုအချိန်မှစ၍နည်းနည်း မှပင်စကားမပြောတော့ပေ။ သက်မဲ့ပစ္စည်းအပေါင်းအဖေါ်များသည်အားလုံးအလှည့်ကျ၍သို့ကြုံတွေ့ရပြီး နောက်ဆုံးတွင်ကြွက်အားမြင်သည်နှင့်မည်သူမဆိုအလျင်အမြန်ဘေးတစ်ဘက်လှည့်နေကြပါသည်။ သို့သော်ထိုအထဲတွင်တစ်ဦးတည်းသောကြွက်နှင့်ခင်မင်သူတစ်ယောက်ရှိခဲ့ပါသည်။ ထိုအရာသည်ဝါယာကြိုးကိုရက်လုပ်ထားသော ကြွက်ထောင်ချောက်ပင်ဖြစ်ပါသည်။ ကြွက်ထောင်ခြောက်သည်ခြုံကြည့်လျှင်လူသားတွေ၏မိတ်ဆွေဟုထင်ရသော်လည်းယခုတလောတွင်နေ့စဉ်သတင်းစာတွင်မက ကြောင်နှင့်အတူအသုံးမလိုဟုဆိုသော ကပ်ပြားချိတ်ထားသည့်ရုပ်ပုံအထိ ကြော်ငြာခံရသည့်အပြင် ထိုသို့မဟုတ်လည်း အရင်လူသားတွေသည်ကြွက်ထောင်ခြောက်ကိုအမြတ်တနိုးထားခြင်းမရှိခဲ့ပါ။ ထိုအရာသည်တကယ့်ကိုပဲမရှိခဲ့ပေမဲ့ ကိုင်ဖို့မဆိုထားနှင့်ညစ်ပတ်သည်ဟုလူအများကမှတ်ယူထားပါသည်။ ထို့ကြောင့်ကြွက်ထောင်ခြောက်သည်လူသားထက်ကြွက်ဘက်ကိုကြင်နာစိတ်ရှိပါသည်။ သို့သော်ကြွက်အများစုမှာကြောက်ရွံ့ကာ အနားတောင်ဖြတ်မသွားကြပါ။ ကြွက်ထောင်ခြောက်မှာနေ့စဉ်ချိုသာသောအသံဖြင့် “ ကြွက်ကလေးရေ ဒီညအစားအစာကတော့ ပင်လယ်ငါးဟင်းနော်။ မင်းစားတဲ့အချိန်အတွင်း ငါသေသေချာချာဖိထားမှာပါ။ ကျွန်တော်လည်းလူသားတွေကိုဒုက္ခပေးသူဖြစ်လို့ဝင်ခဲ့ပါ ” အဲဒီလိုမျိုးကြွက်ကိုအော်ခေါ်ပေမဲ့လည်းကြွက်တွေဟာ“ဟင်ဖြစ်မှဖြစ်ပါ့မလား” စသည်“ ဟုတ်ကဲ့ကောင်းပါပြီ။ တခြားလူတွေနဲ့တိုင်ပင်စရာရှိလို့ ” စသည်အမျိုးမျိုးပြောကာထွက်ပြေးသွားကြပါသည်။

ထို့နောက်မနက်ရောက်လျှင် မျက်နှာနီနှင့်အစေခံယောက်ျားလာ၍ “ အခုအထိမမိ

သေးပါလား။ ကြွက်တွေသိနေကြတယ်ထင်တယ်။ ကျောင်းမှာသင်ရတယ်ထင်တယ်။ ဒါပေမဲ့
နောက်တစ်နေ့လောက်စောင့်ကြည့်ရဦးမှာပဲလို့ပြောရင်းအစာသစ်လဲပေးလိုက်ပါသည်။ ဒီည
လည်းကြွက်ထောင်ချောက်ကအော်ပြန်သည်။ “ လာနော် လာနော်
ဒီညကနူးညံ့တဲ့ပေါင်မုန့်
နော်။ အစာပဲကျွေးမှာနော်။ ပြဿနာမရှိဘူး။မြန်မြန်လာနော် ” ဆုအဲကြွက်ဟာဖြတ်သွား
ရင်း “ ကြွက်ထောင်ခြောက်ရေ တကယ်ပဲအစာပဲကျွေးတာလား ”ဟုပြောသည်။ “ မင်းက
ထူးဆန်းတဲ့ကြွက်ပါလား။ ဟုတ်တယ်။ အစာပဲကြွေးမှာ၊ မြန်မြန်လာစား ” ဆုအဲကြွက်ဟာ
အမြန်အထဲဝင်ပြီးပေါင်မုန့်ကိုစားကာ အမြန်ဆုံးထွက်လာခဲ့ပါသည်။ “ အရသာရှိလိုက်တာ။
ကျေးဇူးတင်ပါတယ် ” “ ဟုတ်လား။ ကောင်းတာပေါ့ နောက်ညလည်းလာစားဦးနော် ”
နောက်တစ်နေ့တွင်အစေခံယောက်ကျားသည်လာကြည့်၍ဒေါသဖြင့်ပြောလေသည်။ “ ဟင်း
အစာပဲယူစားသွားတယ်။ တယ်တော်တဲ့ကြွက်ပဲ။ ဒါပေမဲ့အထဲဝင်ပြီးစားသွားပုံပဲ။ ဒီနေ့
တော့ ဆာဒင်းငါးပဲ ” ထို့နောက်ငါးကိုတဝက်ထားကာသွားလေသည်။ ကြွက်ထောင်ချောက်
သည် ဆုအဲကြွက်လာမည်ကိုစောင့်နေလေသည်။ ညရောက်လျှင်ဆုအဲကြွက်ထွက်လာပြီးကျေး
ဇူးရှင်ပုံစံမျိုးနှင့်ဒီညကကတိအတိုင်းလာပေးတာနော်ဟုပြောလေသည်။ ကြွက်ထောင်ခြောက်
သည်အနည်းငယ်မကျေနပ်သော်လည်း ဘာမှမဖြစ်သလိုမျိုးနှင့် ကဲစားပါဟုသာပြောလေ
သည်။ကြွက်သည်ပလပ်ပလပ်နှင့်စားပြီးထောင်ခြောက်မှထွက်လာကာကြီးကြီးကျယ်ကျယ်ပြော
လေသည်။ “ ကဲမနက်ဖန်လည်း လာစားပေးမယ်နော် ” “ အင်း ” ဟုကြွက်ထောင်
ခြောက်ကပြောလေသည်။ နောက်နေ့မနက်တွင်အစေခံလာကြည့်ပြီးပို၍ဒေါသထွက်ကာပြော
လေသည်။ “ အင်းတကယ့်ကြွက်ပဲ။ ညတိုင်းဒီလောက်အဲဒီအစာချည့်မယူနိုင်ဘူး။ ကြည့်ရ
တာ ဒီကြွက်ထောင်ချောက်ဟာ ကြွက်ဆီကလာဘ်စားထားလား မပြောတတ်ဘူး ”

“ မဟုတ်ဘူး။ မဟုတ်ဘူး။ အဲဒီလောက် လူကိုအထင်သေးရလား ”ဟုကြွက်ထောင်
ခြောက်ကပြန်ပြောသော်လည်း အစေခံယောက်ျားကမကြားရပေ။ ဒီနေ့လည်းပေါင်မုန့်အ
သိုးတခြမ်းကိုထားပြီးထွက်သွားသည်။

ကြွက်ထောင်ခြောက်သည်သံသယအဖြစ်ခံရသည့်အတွက် တစ်နေ့လုံးစိတ်ဆိုးဒေါသ
ထွက်နေပါသည်။ ညရောက်လာပါပြီ။ ဆုအဲကြွက်ထွက်လာပြီး ကြီးကြီးကျယ်ကျယ်ပြောပြန်
သည်။ “ အား ဒီအထိ လာအားပေးပေမဲ့ သိပ်မရှိပါလား။ အကျွေးအမွေးပြောပြီးငါးခေါင်း
ပါလား။ မကြိုက်ပေမဲ့တကူးတကလာရလို့ မတတ်နိုင်ပါဘူး။ စားပေးရမှာပေါ့ကြွက်ထောင်
ခြောက်ရယ် ” ကြွက်ထောင်ခြောက်ဟာဒေါသထွက်နေတဲ့အတွက်“စား”လို့ပဲပြောခဲ့ပါသည်။
ကြွက်လည်းစားပြီးပေါင်မုန့်ကိုမြင်လျှင်ဒေါသထွက်ပြီးအော်လေသည်။

“ ကြွက်ထောင်ခြောက် တော်တော်ဆိုးတာပဲ။ ပေါင်မုန့်ကသိုးနေပြီ။ ကျွန်တော့်လို
အားနည်းတဲ့သူကိုအနိုင်ကျင့်တာ အလျော်ပြန်ပေးပါ ” ကြွက်ထောင်ခြောက်ဟာဒေါသထွက်
လာတဲ့အတွက် အစာမှာတပ်ထားတဲ့သော့ပြုတ်သွားပြီးအဝင်ဝပိတ်သွားပါတယ်။ ကြွက်ဟာ
အရူးလိုပဲ ဆွေ့ဆွေ့ခုန်ပြီးရုန်းကန်လိုက်ငိုလိုက်နဲ့ဆူညံရင်းအားမရှိတော့ပါဘူး။ကြွက်ထောင်
ခြောက်လည်း နာကျင်စွာနဲ့လှုပ်ရမ်းနေပြီး တစ်ညလုံးဒီလိုနဲ့ပဲ မနက်ရောက်သွားပါတယ်။
မျက်နှာနီအစေခံရောက်လာပြီးကြည့်ကာ ပျော်ရွှင်စွာပြောလေသည်။ အင်းထောင်ချောက်မိ
သွားပြီ။ တော်တော်ဆိုးတဲ့ကြွက်ပါလား။ ကဲထွက်ခဲ့ဒီကို။ ”